# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေစုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၁.၉၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၁၁ - ၂ - ၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသ။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ ရွှေ့ပြောင်းသွားလာခြင်းအသွင် ပါဝင်ဆောင်ရွက်နေသူများဆိုင်ရာ အစည်းအဝေး တက်ရောက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဆေးရုံတက်ရောက်ကုသ။ ဦးအောင်သိန်း၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၁၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**နိုင်ငံတော် ယဉ်ကျေးမှုကဇာတ်အနေဖြင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအက တေးဂီတတို့ကို ထိန်းသိမ်းမြှင့်တင်ခြင်း အပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ်ပြသသည့် ပဒေသာကပွဲများ၊ ဇာတ်တော်ကြီးများ၊ ဒီမိုကရေစီစနစ် အပြောင်းတွင် ပြုမူကျင့်ကြံစရာ အသိသညာများကို အများပြည်သူတို့ထံ ရောက်ရှိရန် နိုင်ငံတစ်ဝန်း အထင်ကရဘုရားပွဲတော်များ၊ မြို့ကြီးများတွင် လှည့်လည် ကပြတင်ဆက်ခြင်း အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၇။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကိုယ်စိတ် ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ နိုင်ငံတော်ယဉ်ကျေးမှု ကဇာတ်အနေဖြင့် တိုင်းရင်းသားလူမျိုးတို့ရဲ့ ရိုးရာအက တေးဂီတတို့ကို ထိန်းသိမ်းမြှင့်တင်ခြင်း အပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ် ပြသ၍ ပဒေသာကပွဲများ၊ ဇာတ်တော်ကြီးများ၊ ဒီမိုကရေစီစနစ်ပြောင်းမှာ ပြုမူကျင့်ကြံစရာ အသိပညာများကို အများပြည်သူတို့ထံ ရောက်ရှိရန် နိုင်ငံတစ်ဝန်း အထင်ကရဘုရားပွဲတော်များ၊ မြို့ကြီးပြကြီးများမှာ လှည့်လည်ကပြတင်ဆက်ခြင်း အစီအစဉ် သိရှိလိုခြင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူမှာ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟု ပါရှိသည်နှင့်အညီ

တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရိုးရာဓလေ့ယဉ်ကျေးမှု၊ ဒေသအထိမ်းအမှတ်တို့ကို နိုင်ငံတစ်ဝန်း ကြီးငယ်မဟူ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက တွေ့ထိမြင်သိ ခံစားနားလည်၊ ချစ်ခင်မြတ်နိုး တန်ဖိုး ထားဖို့လိုပါတယ်။ မြန်မာ့ယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းသော အားဖြင့် ဇာတ်တော်ကြီးများကို ဖော်ထုတ်တင်ဆက်မည် စသည်တို့ ပါဝင်သော မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများဟူ၍ ဝန်ကြီးဌာနက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုထားရာ ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ် တင်ဆက်ပြသတော့မည်ဆိုတော့ ဆရာက တပည့်များကို၊ မိဘက သားသမီးများကို၊ လူကြီးသူမ များက လူငယ်လူရွယ်များကို လက်ဆွဲညွှန်ပြ မဖြစ်မနေ သရုပ်ပြဖို့အရေး မျှော်တွေးကြည့်မိပါတယ်။ တစ်နေရာတည်း၊ တစ်ထိုင်တည်း၊ ကြည့်ရှုခံစားရင်း နိုင်ငံတစ်ဝန်း၊ ဒေသအနှံ့က တိုင်းရင်းသား ပေါင်းစုံ၊ ဓလေ့ရိုးရာများ၊ အက၊ အလှ၊ တေးဂီတများ၊ အထင်ကရဒေသ အထိမ်းအမှတ်များကို ကြည့်ရှုသိမြင် ချစ်ခင်လာစေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးသူငယ် ကျောင်းသား၊ လူငယ် တုန်းကလည်း နိုင်ငံတော်ယဉ်ကျေးမှု ကဇာတ်ကြီးကို တစိုက်မတ်မတ် ကြည့်ရှုခဲ့ဖူးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို နိုင်ငံသူ၊ နိုင်ငံသားများ တစ်ဦးတစ်ယောက်ချင်း သိရှိလိုက်နာ ကျင့်ကြံလာအောင် လုပ်ဆောင်ခြင်းဟာ ပြီးပြည့်စုံတဲ့ တိုင်းကျိုးပြည်ပြု လုပ်ငန်းဆောင်တာ ဖြစ်ပါတယ်။ လူတစ်ဦး တစ်ယောက်ဟာ ရွှင်လန်းနှစ်သက်တတ်သောစိတ်အစား၊ ဗဟုသုတရလိုတဲ့စိတ်သက်သက် ကောင်းရာ ကိုသာ လုပ်လိုတဲ့စိတ်သက်သက်ကိုပဲ လက်ခံကျင့်သုံးမယ်ဆိုရင် ထိုသူဟာ သဘာဝအလျောက် ကြီးထွားဖွံ့ဖြိုးရမည့်အဖြစ် ဆုံးရှုံးတယ်လို့ အဆိုရှိပါတယ်။ သဘာဝအလျောက် ကြီးထွားရှင်သန်ဖို့ ဆိုလျှင် ရွှင်လန်းနှစ်သက်တတ်သောစိတ်ကို ဖွင့်ထားဖို့ လိုတယ်လို့ ဆိုတဲ့သဘော သက်ရောက် ပါတယ်။ ရွှင်လန်းနှစ်သက်လိုစိတ်ကို အရင်းပြု၍ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ တို့ကို ချစ်ခင်မြတ်နိုးလာအောင် ဒီမိုကရေစီ စိတ်ဓာတ်များ အမြစ်တွယ်ရှင်သန်နေအောင် ရာဇဝင် အမွေအနှစ်များမှ သင်ခန်းစာယူစရာ ဇာတ်လမ်း၊ ဇာတ်တော်ကြီးများကို နိုင်ငံသူ၊ နိုင်ငံသားများ အား သဘင်၊ ဂီတ၊ ရုပ်ရှင် စသည်တို့မှတစ်ဆင့် ရင်ထဲ နှလုံးသားထဲ အရောက်ပို့နိုင်မယ်လို့ ယုံကြည် ပါတယ်။

သို့ဖြစ်ပါ၍ အနုပညာဦးစီးဌာနအနေဖြင့် ဇာတ်အဖွဲ့ဌာန၊ အငြိမ့်အဖွဲ့ဌာန၊ ထုတ်လုပ်ဌာန၊ စုပေါင်းအင်အား (၂၆၀)ကျော်တို့ဟာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအက တေးဂီတတို့ကို ထိန်းသိမ်း မြှင့်တင်ခြင်းအပါအဝင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ် ပြသသည့် ပဒေသာကကွက်များ၊ ဇာတ်တော် ကြီးများ၊ ဒီမိုကရေစီစနစ်ပြောင်းမှာ ပြုမူကျင့်ကြံစရာ အသိပညာများကို ပြည်သူများ သိရှိစေရန် နိုင်ငံတစ်ဝန်း အထင်ကရ ပွဲတော်ကြီးများ၊ မြို့ကြီးပြကြီးများမှာ လှည့်လည်တင်ဆက် ကပြခြင်း

အစီအစဉ်များ မည်သည့်အချိန်မှာ စတင်နိုင်မည်ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၁။**

**ဦးကြည်မင်း (ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်လို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်း က ဖြေကြားသွားမှာဖြစ်ပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရဲ့ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ရည်မှန်းချက်များထဲမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ် ပြသသည့် ပဒေသာကပွဲများ၊ ဇာတ်တော်ကြီးများ၊ ပြည်သူသို့ တင်ဆက်ကပြရေး ဆောင်ရွက်ရန်လို့ ပါရှိပြီးဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်အတိုင်းပဲ ဤဝန်ကြီးဌာန စတင်ဖွဲ့စည်းတဲ့ အချိန်ကနေစတင်ပြီးတော့ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနအနေနှင့် အနီးစပ်ဆုံး ဘဏ္ဍာနှစ်များဖြစ်ကြတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များအတွင်း နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် ကင်းလွတ်တဲ့ အချိန်များတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥပ္ပါတသန္တိစေတီတော်ဘုရားပွဲ၊ နေပြည်တော် မဟာသကြံန်မဏ္ဍပ်၊ အပြည်ပြည်ဆိုင်ရာ Convention ဗဟိုဌာနအမှတ်(၂)၊ ပျဉ်းမနားမြို့နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့မှာ လည်းကောင်း၊ ကယားပြည်နယ်၊ ဖယ်ခုံမြို့၊ မွန်ပြည်နယ်၊ ကျိုက္ခမီမြို့နှင့် ကျိုက်ထိုမြို့၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပုဂံမြို့၊ ညောင်ဦးမြို့နှင့် တောင်သာမြို့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တို့တွင် လည်းကောင်း၊ ဘုရားထီးတင်ပွဲ၊ ဘုရားပွဲ၊ အလှူအောင်ပွဲ၊ အများပြည်သူ ဖျော်ဖြေပွဲများတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုစစ်စစ် ပြသတဲ့ ပဒေသာကပွဲများ၊ တိုင်းရင်းသားလူမျိုးတို့ရဲ့ ရိုးရာအကများ၊ ဇာတ်တော်ကြီးများ၊ ပြဇာတ်များ၊ အငြိမ့်များဖြင့် ဒီမိုကရေစီစနစ်အပြောင်းတွင် ပြုမူကျင့်ကြံစရာ၊ အသိပညာများကို ပြည်သူများထံ ရောက်ရှိစေရန် တင်ဆက်ကပြ ဆောင်ရွက်လျက်ရှိပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရဲ့ ပုံမှန်ဆောင်ရွက်လျက်ရှိတဲ့ တင်ဆက်ကပြမှုလုပ်ငန်းစဉ်များမှာ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသော နိုင်ငံတော်အဆင့်ဧည့်သည်တော်ကြီးများအား တင်ဆက်ကပြခြင်း၊ နိုင်ငံတော်အဆင့် နေ့ကြီးရက်ကြီး အခမ်းအနားများတွင် တင်ဆက်ကပြခြင်း၊ ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေး၊ ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အရ ပူးပေါင်းတင်ဆက် ကပြခြင်း၊ အများပြည်သူတို့ တင်ဆက်ကပြခြင်းတို့ ဖြစ်ပါတယ်။ ရှေးယခင်က ရှိခဲ့သော ဌာနရဲ့ ဖွဲ့စည်းပုံအရ ကဇာတ်ဌာနခွဲအမှတ်(၁)၊ အမှတ်(၂)ဟူ၍ ရှိခဲ့ပြီးတော့ နယ်လှည့်တင်ဆက်ကပြခြင်းများကို အဖွဲ့(၂)ဖွဲ့မှ နှစ်အလိုက် အလှည့်ကျ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖွဲ့မှ နယ်လှည့်ကပြစဉ် ကျန်တစ်ဖွဲ့က နိုင်ငံတော်အဆင့်ဌာနများကို တာဝန်ယူဆောင်ရွက်သော စနစ်နှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရဲ့ ယခုပြင်ဆင်ထားတဲ့ ဖွဲ့စည်းပုံအရ နိုင်ငံတော်အဆင့် တင်ဆက်ကပြမှုများနှင့် ကင်းလွတ်တဲ့အချိန်တွင် ဌာနရဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရဲ့ ဖိတ်ကြားမှုအရ လည်းကောင်း၊ သွားရောက် တင်ဆက်ကပြခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရှေးယခင်က ထိုသို့ နယ်လှည့်တင်ဆက်ကပြခြင်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက တည်းခိုနေထိုင်ရေး၊ တင်ဆက်ကပြရန် ဇာတ်ခုံနှင့် ဇာတ်ရုံရရှိရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေး အပြင် အခြားသော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အပြည့်အဝ တာဝန်ယူစီစဉ် ဆောင်ရွက်ပေးခဲ့ကြပါတယ်။

ယခုအခါ သယ်ယူပို့ဆောင်ရေးမှအစ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအားလုံးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရဲ့ အစီအစဉ်နှင့် သွားရောက် တင်ဆက်ကပြလျက်ရှိပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့သို့ ယခုထက်ပိုမို၍ ကပြနိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ ဇာတ်ခုံနှင့် ဇာတ်ရုံရှိရေး အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအားလုံးအတွက် ရန်ပုံငွေနှင့်အနုပညာရှင်များ အင်အားတိုးမြှင့်ခန့်ထား ဖြည့်တင်းနိုင်ရန်လည်း လိုအပ်လျက်ရှိကြောင်းနှင့် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး မြို့ကြီးများတွင် ပိုမိုလှည့်လည်ကပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြို့ဝန်းကျေးရွာအုပ်စု၊ တယ်ဘိုကန်ကျေးရွာနေ တောင်သူ (၆၂)ဦး၏ လယ်မြေ(၁၅၉.၅၀)ကေအား ကြိုးပြင်ကာကွယ်တောဧရိယာအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြို့ဝန်းကျေးရွာအုပ်စု၊ တယ်ဘိုကန် ကျေးရွာနေတောင်သူ(၆၂)ဦး၏ လယ်မြေ(၁၅၉.၅၀)ကေအား ကြိုးပြင်ကာကွယ်တောဧရိယာအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကျိုးအကြောင်းဖော်ပြချက်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြို့ဝန်းကျေးရွာအုပ်စု၊ တယ်ဘိုကန်ကြိုးပြင်ကာကွယ်တော ဧရိယာ(၇၉၄၀)ကေဖြင့် သစ်တော ရေးရာဝန်ကြီးဌာန၏ ၆-၇-၂၀၀၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၀)ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါမြေမှ အေးရှားဝေါ(လ်)ကုမ္ပဏီနှင့် ၁၃-၅-၂၀၁၃ ရက်နေ့တွင် (၁၈၆၀)ကေ၊ ၉-၁၀-၂၀၁၃ ရက်နေ့တွင် (၄၂)ကေ၊ စုစုပေါင်း(၁၉၀၂)ကေကို နှစ်(၃၀) မြေငှားဂရန်စာချုပ် ချုပ်ဆိုကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ၂၀၁၃ ခုနှစ် ကြိုးကျူးစာရင်းကောက်ယူမှုအရ တောင်သူ (၆၂)ဦး၏ လယ်မြေ(၁၅၉.၅၀)ကေအား ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်းမှပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြထားကြောင်း လေ့လာရရှိခဲ့ပါတယ်ခင်ဗျား။ ၁-၁-၂၀၁၉ ရက်နေ့တွင် တယ်ဘိုကန်ကျေးရွာ၌ ကျင်းပပြုလုပ်သော လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ၌ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ပါတယ်။ အဆိုပါ ရှင်းလင်း

ပွဲတွင် ရပ်ရွာပြည်သူများက ၎င်းတို့၏မြေများ ကြိုးပြင်ကာကွယ်တောစာရင်းမှာ ပါဝင်၍ ပုံစံ(၇) မရရှိခြင်းကြောင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်မရကြောင်း အဆိုပါမြေ (၁၅၉.၅၀)ကေကို ကြိုးပြင် ကာကွယ်တောဧရိယာမှ ပယ်ဖျက်ခွင့်ရရှိရေး ဆောင်ရွက်ပေးပါရန်တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြို့ဝန်းကျေးရွာအုပ်စု တယ်ဘိုကန်ကျေးရွာ တောင်သူ (၆၂)ဦး၏ လယ်မြေ(၁၅၉.၅၀)ကေအား ကြိုးပြင်ကာကွယ်တောဧရိယာမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဌာန၏ မိတ္တူမှန်များအား ပူးတွဲလျက် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**"စိမ်းမြညို" ဒေသခံအစုအဖွဲ့မှ ဦးဆောင်သူတစ်ဦး လျှောက်ထားသော စိုက်ခင်းအကျယ် (၃၅၀)ကေ အား သစ်တောဦးစီးဌာန၏ စိုက်ခင်းများအဖြစ်မှ အမြန်ဆုံး ပယ်ဖျက်ခွင့်ပြုရန်နှင့် ဝါးစိုက်ပျိုးခွင့် ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော်မေးမယ့် မေးခွန်းကတော့ စိမ်းမြညိုဒေသခံအစုအဖွဲ့မှ ဦးဆောင်သူတစ်ဦး လျှောက်ထားသော စိုက်ခင်းအကျယ် (၃၅၀)ကေ သည် သစ်တောဦးစီးဌာန၏ လျှော့နည်းပျက်စီး စိုက်ခင်းစာရင်းတွင် ဖော်ပြထားခြင်းကြောင့် သစ်တောဦးစီးဌာန၏ စိုက်ခင်းများအဖြစ်မှ အမြန်ဆုံး ပယ်ဖျက်ခွင့်ပြုရန်နှင့် ဦးဆောင်လျှောက်ထား သူတစ်ဦးအား အမြန်ဆုံး ဝါးစိုက်ပျိုးခွင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။


စိမ်းမြညို ဒေသခံအစုအဖွဲ့ဟာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဇောင်းတူကျေးရွာ အုပ်စုမှ ကျေးရွာ (၉)ရွာနှင့် ဖွဲ့စည်းထားသော ဇောင်းတူ ဝါးအခြေပြု (စိုက်ပျိုး – စက်မှု) ဆိုသော ခေါင်းစဉ်ဖြင့် ဖွဲ့စည်းထားသော အစုအဖွဲ့တစ်ခုဖြစ်ပါတယ်။ ယင်းအစုအဖွဲ့ဟာ ဖွဲ့စည်းပြီး ရန်ကုန်ရှိ မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် Contract Farming ပုံစံဖြင့် စာချုပ် ချုပ်ဆိုခဲ့

ပါတယ်။ စာချုပ်အရ စိမ်းမြညိုအဖွဲ့က ရန်ကုန်ရှိ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းက စိုက်ခိုင်းသော ဝါးများကို စိုက်ပေးခဲ့ရပြီး ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းက ဈေးကွက်ဖန်တီးပေးမယ်ဆိုတဲ့ အပြန်အလှန် သဘောတူညီမှုများ ရယူခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် Community Forest CF အတွက် သစ်တောကြိုးဝိုင်းဧရိယာအတွင်းမှာ စိုက်ပျိုးမြေ (၁၀၆၀)ကေကို စိမ်းမြညိုအဖွဲ့ ဦးဆောင်သူ (၃)ဦးမှ နာမည်နှင့် ပဲခူးခရိုင် သစ်တောအရာရှိ လမ်းညွှန်မှုနှင့်အညီ တင်ပြတောင်းဆိုခဲ့ပါတယ်။

ဦးဆောင်သူ(၃)ဦးမှာ နံပါတ်(၁) ဦးတင့်ဝေ ခေါင်းဆောင်သော ဇောင်းတူကျေးရွာ၊ ဥယျာဉ်စုကျေးရွာ၊ စက်စက်ယိုကျေးရွာ စုစုပေါင်းကျေးရွာ(၃)ရွာမှ ဒေသခံလူဦးရေ အယောက် (၄၀)သည် ဒေသခံအစုအဖွဲ့ပိုင် သစ်တော ဇရပ် တည်ဆောက်ရန်အတွက် ပဲခူးရိုးမအတွင်းရှိ တောင်ဇာမဏီ သစ်တောကြိုးဝိုင်းအကွက် အမှတ်(၁)နှင့်(၂) စိုက်မြေကေ (၃၅၀)အားလည်းကောင်း၊ နံပါတ်(၂) ဦးစန်းရွှေ ဦးဆောင်သော ကြက်လည်ဆစ်ကျေးရွာ၊ လက်ပန်ကျေးရွာ၊ သာယာကုန်း ကျေးရွာ စုစုပေါင်းကျေးရွာ (၃)ရွာမှ ဒေသခံလူဦးရေ အယောက်(၃၀)သည် ဒေသခံအစုအဖွဲ့ပိုင် သစ်တောဇရပ် တည်ထောင်ရန်အတွက် ပဲခူးရိုးမအတွင်းရှိ ပျဉ်းမသစ်တော ကြိုးဝိုင်းအကွက်အမှတ် (၃၃) (၃၄)မှ စိုက်ပျိုးမြေကေ (၃၅၀)အားလည်းကောင်း၊ နံပါတ်(၃) ဦးတိုးလွင် ဦးဆောင်သော မကျီးခုန်ကျေးရွာ၊ ဝက်ကျကျေးရွာ၊ အိုင်ကြီးဒေါင့်ကျေးရွာ စုစုပေါင်းကျေးရွာ (၃)ရွာမှ ဒေသခံ လူဦးရေ (၃၈)ယောက်သည် ဒေသခံအစုအဖွဲ့ပိုင် သစ်တောဇရပ် တည်ထောင်ရန်အတွက် ပဲခူးရိုးမ အတွင်းရှိ ရွှေလောင်း ကိုယ်လူကွဲ သစ်တောကြိုးဝိုင်းအမှတ် (၇၁/၇၂)မှ စိုက်ပျိုးမြေကေ (၃၆၀)အား လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနမှူးမှတစ်ဆင့် သစ်တောဦးစီးဌာနသို့ ၄-၂-၂၀၁၉ ရက်နေ့ နေ့စွဲပါ လျှောက်လွှာဖြင့် တင်ပြတောင်းခံခဲ့ပါတယ်။ ဦးစန်းရွှေ နှင့် ဦးတိုးလွင် (၂)ဦး တင်ပြတောင်းဆိုသော မြေကေ(၇၁၀)အတွက် အဆင်ပြေပါတယ်။ အဆင်ပြေသော ယင်း(၂)ဦး လျှောက်ထားမှု မည်သည့်အဆင့်သို့ ရောက်ရှိနေကြောင်းကိုလည်း သိရှိလိုပါတယ်။ နံပါတ်(၁) ဦးတင့်ဝေ ဦးဆောင်သော အစုအဖွဲ့ကလျှောက်ထားသော စိုက်ပျိုးမြေကေ(၃၅၀)သည် သစ်တော ဦးစီးဌာန၏ ကျွန်းစိုက်ခင်းများနှင့် မလွတ်ကြောင်း နှုတ်စကားများဖြင့်သာ အဆင့်ဆင့် ပြန်ကြားခဲ့ပြီး သက်ဆိုင်ရာ ဘိနယ်သစ်တောတာဝန်ခံ၏ ကွင်းဆင်းအစီရင်ခံစာ မတင်ပြနိုင်ခဲ့ပါ။ အဆိုပါကိစ္စနှင့် ပတ်သက်၍ လျှောက်ထားသူဒေသခံများက ၎င်းသစ်တော ကျွန်းစိုက်ခင်းများသည် သစ်တော ပြုန်းတီးမှုများကြောင့် သစ်တောစိုက်ခင်းများအဖြစ် မသိနိုင်တော့ပါ။ ထင်ရှားစေရန် မြေကြီး၊ မြေပုံ တတ်ကျွမ်းသူများအား GPS စက်ဖြင့် တောင်ဇာမဏီ သစ်တောကြိုးဝိုင်းအတွင်း အကွက်အမှတ် (၁)နှင့် (၂)အတွင်း လိုအပ်သလို တိုင်းတာစေ၍ လတ္တီကျု၊ လောင်တီကျူဒီဂရီများ အပါအဝင် ခေတ်ပုံ မှတ်တမ်းများနှင့်တကွ မှတ်တမ်းတင်ကာ ကျွန်းပင်များ၏ ခန့်မှန်းအရေအတွက်ကိုပါ တင်ပြထား ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

Power Point (၁)မှာတော့ ပဲခူးမြို့နယ် သစ်တောမြေပုံ ဖြစ်ပါတယ်။ Power Point (၂)မှာတော့ ပဲခူးမြို့နယ် သစ်တောဦးစီးဌာန၊ ဇောင်းတူ (၃) ဘိနယ် အုပ်ချုပ်ပြမြေပုံ ဖြစ်ပါတယ်။ Power Point(၃)ကတော့ ဇောင်းတူသစ်တော ဘိ(၂) တောင်ဇာမဏီသစ်တောကြိုးဝိုင်းအကွက် အမှတ်(၁)နှင့် (၂) ပြမြေပုံဖြစ်ပါတယ်။ Power Point (၄)ကတော့ ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ဇောင်းတူ(၂) ဘိနယ် အုပ်ချုပ်မှုပြမြေပုံ ဖြစ်ပါတယ်။ Power Point(၅)ကတော့ ဇောင်းတူ သစ်တော ဘိနယ်(၂) တောင်ဇာမဏီသစ်တောကြိုးဝိုင်း အကွက်အမှတ်(၁)မှ လတ္တီကျူ AF(2345471)နှင့် လောင်တီကျူ (0771666) သစ်တောကြိုးစိုက်ကွင်း မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ Power Point (၆)ကတော့ ဇောင်းတူ သစ်တော ဘိနယ်(၂) တောင်ဇာမဏီသစ်တောကြိုးဝိုင်းအကွက် အမှတ်(၁)မှ လတ္တီကျူ AF(2345471)နှင့် လောင်တီကျူ (0771166) ရှိ သစ်တောကျွန်းစိုက်ခင်း မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ Power Point(၇)ကတော့ ဇောင်းတူသစ်တော ဘိနယ်(၂) တောင်ဇာမဏီ သစ်တောကြိုးဝိုင်း အကွက်အမှတ်(၁)မှ လတ္တီကျူ AF(2346067) နှင့် လောင်တီကျူ(0772656) ရှိ သစ်တောကျွန်းစိုက်ခင်း မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ Power Point(၈)ကတော့ သစ်တော ဘိနယ်(၂) တောင်ဇာမဏီ သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂)မှ လတ္တီကျူ AF(2346377)နှင့် လောင်တီကျူ (0773139) ရှိ သစ်တောကျွန်းစိုက်ခင်း မှတ်တမ်းတင်ဓာတ်ပုံများဖြစ်ပါတယ်။ Power Point (၉)ကတော့ သစ်တောဘိနယ် (၂) တောင်ဇာမဏီ သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂)မှ လတ္တီကျူ AF(2347541)နှင့် လောင်တီကျူ (0773045) ရှိ သစ်တောကျွန်းစိုက်ခင်း မှတ်တမ်းတင် ဓာတ်ပုံများဖြစ်ပါတယ်။ Power Point(၁၀)ကတော့ ဇောင်းတူသစ်တော ဘိနယ်နှင့် တောင်ဇာမဏီ သစ်တောကြိုးဝိုင်းအကွက်အမှတ်(၂)မှ လတ္တီကျူ AF(2347541) နှင့် လောင်တီကျူ (0773045) ရှိ သစ်တောကျွန်းစိုက်ခင်း မှတ်တမ်းတင်ဓာတ်ပုံများဖြစ်ပါတယ်။ ဒီဓာတ်ပုံများကို ပြခြင်းအားဖြင့် သစ်တောမှာရှိတဲ့ ကျွန်းပင်တွေဟာဆိုလို့ရှိရင် ထွားကျိုင်းမှုလည်း မရှိပါဘူးခင်ဗျား။ နောက်ပြီး တော့ သစ်ရိုင်းများလည်း ပေါက်နေတယ်။ နောက်ပြီးတော့ ချုံပင်များလည်း ပေါက်နေတာကို ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ တောင်ဇာမဏီ သစ်တောကြိုးဝိုင်း (၁၆၂၀) – – – – – –

ဇောင်းတူသစ်တော ဘိနယ်(၂) တောင်ဇာမဏီသစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၁ နှင့် ၂)ပြ မြေပုံ (ည)




ဇောင်းတူသစ်တော ဘိနယ်(၂)၊  တောင်ဇာမဏီ သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၁)မှ လတ္တီကျူ AF(2345471)၊ လောင်တီကျူ(0771666)ရှိ သစ်တောကျွန်းစိုက်ခင်း၏ မှတ်တမ်းဓာတ်ပုံများ ပြပုံ (ည–၁)



ဓောင်းတူသစ်တော ဘိနယ်(၂)၊ တောင်ဇာမဏီ သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၁)မှ လတ္တီကျု AF(2346067)၊ လောင်တီကျု(0772656)ရှိ သစ်တောကျွန်းစိုက်ခင်း၏ မှတ်တမ်းဓာတ်ပုံများ ပြပုံ (ည–၂)




**ဥက္ကဋ္ဌ။** ။ အချိန်ကုန်သွားပါပြီ။ ထိုင်လိုက်ပါ။ အချိန်ကုန်ပါပြီ။

**ကျောက်တော်မြို့နယ်၊ ပုလဲကိုင်းကျေးရွာကို ကျေးရွာအဖြစ် အသိအမှတ်ပြုပေးနိုင်ရန်အတွက် ကျေးရွာမြေမှာ သစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေသဖြင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ မေးမြန်းမယ့် မေးခွန်းကတော့ ကျောက်တော်မြို့နယ်အတွင်း ပုလဲကိုင်းကျေးရွာကို ကျေးရွာအဖြစ် အသိအမှတ်ပြုပေးနိုင်ရန်အတွက် ကျေးရွာမြေမှာ သစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေမှုကြောင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း (၇၉)အုပ်စု၊ ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့နယ် တစ်ခုဖြစ်ပါတယ်။ ပုလဲကိုင်းကျေးရွာမှာ မြို့နယ်ကျေးရွာများ အမည်စာရင်းတွင် မပါဝင်သေးတဲ့ ကျေးရွာတစ်ရွာ ဖြစ်နေပါတယ်။ ပုလဲကိုင်းကျေးရွာဟာ ကျောက်တော်မြို့နယ်ရဲ့ အနောက်ဘက် င/တပေါင်းကျေးရွာအုပ်စုအတွင်းမှာ ရှိနေပြီး ကျောက်တော်မြို့မှ ဆန်းသစ်ပြင်-သလူချောင်းလမ်း ပေါ်တွင်ရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော် ကတည်းက အခြေတကျ နေလာခဲ့ကြတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ သို့ပေမယ့် ယခုအချိန်အထိ ကျေးရွာအဖြစ် အသိအမှတ်ပြုခြင်း မခံခဲ့ရပါ။ ကျေးရွာဟာ အိမ်ခြေ(၄၅)အိမ်ရှိပြီး လူဦးရေ (၁၀၀) ကျော်ခန့်နေထိုင်ကြပြီး မူလတန်းကျောင်းကိုလည်း အသိအမှတ်ပြုဖွင့်လှစ်ခွင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်တွင် ကျောင်းသားဦးရေ (၆၀)ကျော်ခန့် ပညာသင်ကြားလျက်ရှိနေကြပါတယ်။

ပုလဲကိုင်းကျေးရွာမှာ င/တပေါင်းကျေးရွာအုပ်စု၊ ယိုးချောင်း ကြိုးပြင်ကာကွယ်တော အတွင်း ကွင်းအမှတ်(၇၁၄-B)၊ တဲလမုန်းပြင် ကွင်းအစပ်တွင် တည်ရှိတဲ့ကျေးရွာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာတွင် နေထိုင်ကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားများဟာ သစ်ခုတ်၊ ဝါးခုတ် လုပ်ကိုင် ကြပြီး တောင်ယာလုပ်ငန်းဖြင့် အသက်မွေးမှုလုပ်ကိုင်ကြပါတယ်။ အဆိုပါ ပုလဲကိုင်းကျေးရွာအား ကျေးရွာအဖြစ် အသိအမှတ်ပြုပေးရေး အစိုးရအဖွဲ့ အမည်ပေါက်စာရင်းဖြစ်ရေးအတွက် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကျွန်တော်မှ မေးခွန်း မေးမြန်းခဲ့ရာ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဖြေကြားရာတွင် အဆိုပါကျေးရွာမှာ သစ်တောကြိုးဝိုင်း အတွင်း ကျရောက်လျက်ရှိသောကြောင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးပြီးမှသာ ကျေးရွာအဖြစ် အသိအမှတ်ပြုပေးနိုင်မည်ဟု ဖြေကြားခဲ့ပါတယ်။ သို့ပါသောကြောင့် ကျေးရွာနေပြည်သူများ ကျေးရွာအဖြစ် အသိအမှတ်ပြုပေးစေရေးအတွက်လည်းကောင်း၊ ကျေးရွာပိုင်မြေအဖြစ် ရရှိစေရေး အတွက်လည်းကောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ တောင်းဆိုမှုများအရ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၇။**

**ဦးရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်

တော်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ရဲမြင့်ဆွေ ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီကြိုးပြင်ကာကွယ်တောတွေကို ရေမြေထိန်းသိမ်းရန်၊ အပူပိုင်းဒေသတောထိန်းသိမ်းရန်၊ ဒီရေတောထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံမျိုးကွဲတွေထိန်းသိမ်းရန်၊ သစ်တောထွက်ပစ္စည်းတွေကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းသတ်မှတ်တဲ့နေရာမှာ ဒေသခံပြည်သူတွေရဲ့ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် အခြားမြေအသုံးချပိုင်ခွင့်များ ထိခိုက်နစ်နာမှု မရှိစေဖို့အတွက် ဆိုင်ရာဆိုင်ခွင့်တွေကို ခွင့်ပြုပြီး ကြိုးပြင်ကာကွယ်တောများကို ကျွန်တော်တို့ သတ်မှတ်ဖွဲ့စည်းလျက်ရှိပါတယ်။

စလင်းမြို့နယ်၊ တည်ဘိုကန် ကြိုးပြင်ကာကွယ်တောအား ယခင်သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၀၁)နဲ့ ကျွန်တော်တို့ (၇၉၄၀)ဧက သတ်မှတ်ကြေညာခဲ့ပြီး လက်ပတော၊ မောင်ကော့ကန်၊ အင်ကျင်းပင်လှ၊ ပေါင်းတူး(မြောက်)၊ ရုံးပင်ကန်၊ မင်းကန်နဲ့ တယ်ဘိုကန်ကျေးရွာများမှ ဦးပြားကြီးပါ (၄၉၇)ဦး၊ ဧရိယာ(၇၄၃.၄၆)ဧကကို မြေသိမ်းခြင်း မပြုဘဲ ဆိုင်ရာဆိုင်ခွင့်အဖြစ် ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်တဲ့ ရွာစုနဲ့ အိမ်ထောင်စုတွေကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ရေးအတွက် မြေပြင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို သက်ဆိုင်ရာဌာနအသီးသီးပါဝင်တဲ့ ပူးပေါင်းအဖွဲ့တွေက ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ မတ်လအထိ ကော်မတီအဆင့်ဆင့်ရဲ့ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ စာရင်းများကောက်ယူမှုအရ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောမြေမှ ပယ်ဖျက်ခြင်း လုပ်ငန်းစဉ်တွေကို Power Point မှာ တင်ပြထားတဲ့အတိုင်း အဆင့်ဆင့် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၃ ခုနှစ်၊ သစ်တောမြေ ကျူးကျော်စာရင်းအရ ပြင်ပမှနေထိုင်ပြီး တည်ဘိုကန် ကြိုးပြင်ကာကွယ်တောအတွင်း ဝင်ရောက်ဆောင်ရွက်လျက်ရှိတဲ့ လယ်မြေ(၁၅၉.၅၀)ဧကနဲ့ ယာမြေ(၉၉၉)ဧကသာ ကောက်ယူရရှိခဲ့သဖြင့် လုပ်ငန်းစဉ် (က)ကနေ (ဂ)ပါ ပယ်ဖျက် ပေးရမယ့်မြေ အမျိုးအစားမှာ ပါဝင်ခြင်းမရှိဘဲ လုပ်ငန်းစဉ် (ဃ)မှာ ပါဝင်တဲ့ လယ်မြေ (၁၅၉.၅၀)ဧကကိုသာ သစ်တောမြေအဖြစ်က ပယ်ဖျက်ပေးရန် ကျန်ရှိပါတယ်။ ပယ်ဖျက်ပေးရန် ကျန်ရှိနေတဲ့ လယ်မြေ (၁၅၉.၅၀)ဧက တည်နေရာပြမြေပုံကို Power Point မှာ ဖော်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ တယ်ဘိုကန်ကျေးရွာနေ တောင်သူ(၆၂)ဦးရဲ့ လယ်မြေ(၁၅၉.၅)ဧကမှာ အိမ်ခြေ(၅၀)အောက် ပြန့်ကျဲနေထိုင်တဲ့ အိမ်ခြေများနဲ့ ပြင်ပမှနေထိုင်ပြီး ကြိုးဝိုင်းအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင်သူများစာရင်းတွင် ပါဝင်နေတဲ့အတွက် အဆိုပါလယ်မြေတွေကို သစ်တောမြေမှ

ပယ်ဖျက်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင်ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ဆက်လက် ဖြေကြားသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်နှင့် ပတ်သက်ပြီး ပဲခူးမြို့နယ်အတွင်းမှာ ဦးစန်းရွှေ ပါ (၃၀)ဦးအဖွဲ့နဲ့ ဦးတိုးလွင် အပါအဝင် (၃၈)ဦးအဖွဲ့တို့က လျှောက်ထားတဲ့ ဧရိယာ ဧက(၃၅၀) နဲ့ (၃၆၀)အသီးသီးတို့ကို မြို့နယ်သစ်တောဦးစီးဌာနက ဦးဆောင်ပြီးတော့ ဒေသခံများ ပါဝင်တဲ့အဖွဲ့က ကွင်းဆင်းစစ်ဆေးရာမှာ တည်ထောင်ထားတဲ့ နိုင်ငံပိုင် သစ်တောစိုက်ခင်းများ၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားတဲ့ဧရိယာနဲ့ လွတ်ကင်းပြီးတော့ ဖုန်းဆိုးတော၊ ဝါးတောသာ ပေါက်ရောက်လျက်ရှိသဖြင့် ဖော်ပြပါ မြေဧရိယာအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း ခွင့်ပြုသင့်ကြောင်းကို ၄-၁၂-၂၀၁၉ ရက်နေ့မှာ ပဲခူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ခရိုင်သစ်တောဦးစီးဌာနသို့ တင်ပြထားပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကတော့ တည်ထောင်ခွင့်လျှောက်ထားတဲ့ ကြိုးဝိုင်းအကွက်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့တဲ့ ဓာတ်ပုံများပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဦးတင့်ဝေ အပါအဝင် (၄၁)ဦးပါဝင်တဲ့ စိမ်းမြညိုအဖွဲ့ကလျှောက်ထားတဲ့ ဧရိယာ (၃၅၀)ဧကကို မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်ပြီး ဒေသခံများပါဝင်တဲ့အဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ လျှောက်ထားမြေနေရာဟာ ပဲခူးမြို့နယ်သစ်တောဦးစီးဌာနက ၁၉၈၆ ခုနှစ်မှာ တည်ထောင်စိုက်ပျိုးခဲ့တဲ့ စီးပွားရေးကျွန်းစိုက်ခင်း (၄၂၀)ဧကအနက် လျော့နည်းပျက်စီး တင်ပြထားတဲ့ဧရိယာ (၃၇၀)ဧကအတွင်း ပါဝင်လျက်ရှိပြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၁၅/၂၀၁၀) ဆုံးဖြတ်ချက်အရ စိုက်ခင်းပျက်စီး လျော့နည်းစာရင်းအား သစ်တောဦးစီးဌာနမှ မှတ်တမ်းတင်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ဧရိယာမှာ ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းအရ စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ဖို့ လျာထားတဲ့ ဧက (၁၀,၂၅၀)ဧက ဧရိယာထဲမှာ ပါဝင်နေတာတွေ့ရပါတယ်။ စီးပွားရေးစိုက်ခင်းရဲ့ မှတ်တမ်းဓာတ်ပုံပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်နှင့်စပ်လျဉ်းပြီး လျော့နည်းပျက်စီး စိုက်ခင်းတွေကို အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၀)အရ မှတ်တမ်းတင်

ထားရှိခြင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး(၁၀)နှစ် စီမံကိန်းအရ စီးပွားရေး စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက်ရှိတဲ့အတွက် လျော့နည်းပျက်စီးသွားတဲ့ စီးပွားရေးစိုက်ခင်းများအား သစ်တောဦးစီးဌာနရဲ့ စိုက်ခင်းများအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် ဦးဆောင်လျှောက်ထားသူ ဦးတင့်ဝေ အနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းဧရိယာနှင့် သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိသည့် ဧရိယာနှင့် လွတ်ကင်းသည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောမြေများမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ကျောက်တော်မြို့နယ်၊ ပုလဲကိုင်းကျေးရွာဟာ ၂၀၁၃ ခုနှစ်၊ ဌာနဆိုင်ရာ အဖွဲ့စုံနဲ့ စာရင်းကောက်ယူရာမှာ ယိုးချောင်း ကြိုးပြင်ကာကွယ်တောအတွင်း အိမ်ခြေ(၅၀)အောက် ပြန့်ကျဲနေတဲ့ ကျေးရွာများစာရင်းမှာ ပါဝင်ပြီး Power Point မှာ တင်ပြထားတဲ့အတိုင်း စာရင်းကောက်ယူရရှိခဲ့ပါတယ်။

ရွာမြေ၊ သာသနာမြေ၊ အများပိုင်မြေနှင့် လယ်မြေစုစုပေါင်း (၁၀.၃၃)ကေကို အထက်ဌာနရဲ့ ညွှန်ကြားချက်နှင့်အညီ ပယ်ဖျက်သွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ယာမြေ (၈၃.၉)ကေကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှာ ပုလဲကိုင်းကျေးရွာနေ ဦးစိန်ကျော်ဝင်း ပါ (၃၂)ဦး ထံသို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် (CF Certificate) ထုတ်ပေးခဲ့ပြီး ကနဦး နှစ်(၃၀)လုပ်ငန်း လုပ်ကိုင်ခွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဉယျာဉ်ခြံမြေ (၁၂၄)ကေကိုလည်း ဌာနရဲ့ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်သူများအား နှစ်ရှည် မြေငှားရမ်းလုပ်ကိုင်ခွင့် စာချုပ်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ ယိုးချောင်းကြိုးပြင် ကာကွယ်တောအတွင်း ကျရောက်နေတဲ့ ပုလဲကိုင်းကျေးရွာရဲ့ တည်နေရာမြေပုံကို ကျွန်တော်တို့ ပြထားတာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက် လုပ်ကိုင်သူများစာရင်းကောက်ယူမှုအရ ပုလဲကိုင်းကျေးရွာရဲ့ သစ်တောမြေအတွင်း ကျရောက်နေတဲ့မြေနေရာကို ပယ်ဖျက်ပေးရာမှာ မြေပြင်နှင့် မြေပုံ ကွဲလွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်သော်လည်း ကျောက်တော်မြို့နယ်ရဲ့ နယ်မြေဒေသအခြေအနေအရ ဝန်ထမ်းများ အဆိုပါ ဒေသသို့ ကွင်းဆင်းဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်းနှင့် အခြေအနေပေးလာပါက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်း

စစ်ဆေးပြီးတော့မှ မြေအမျိုးအစားအလိုက် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်း၊ နှစ်ရှည် မြေငှားရမ်းလုပ်ကိုင်ခွင့်ချပေးခြင်း စသည်တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်ပါဦး။

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော် သိချင်တာ အခု ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ ဒီစိုက်ခင်းတွေဟာ မလွတ်ဘူးဆိုပြီးတော့ ပြောသွားပါတယ်။ ဦးတင့်ဝေ ခေါင်းဆောင်တဲ့အဖွဲ့က လျှောက်တဲ့အခါမှာလည်း ခရိုင်ဦးစီးမှူးရဲ့ သဘောတူညီချက်နဲ့ လျှောက်တာပါ။ အခု မရဘူးဆိုတော့ ဘယ်နေရာကများ လွတ်သလဲ ဆိုတာ ပြည်ထောင်စုဝန်ကြီးအနေနှင့်လည်း သိလို့ရှိရင် ဖြေကြားပေးပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေကြားနိုင်ရင် ဖြေကြားပေးလိုက်ပါ။

**ဦးရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းအရ ဆောင်ရွက်ရမယ့် လျော့နည်းပျက်စီးသွားတဲ့ စီးပွားရေးစိုက်ခင်းဧရိယာထဲမှာ ပါနေတဲ့အတွက် လုပ်ထုံးလုပ်နည်းအရ ဒီနေရာကို ခွင့်မပြုခြင်းဖြစ်ပါတယ်။ အကယ်၍ သစ်တောဦးစီးဌာနပိုင်တဲ့ စီးပွားရေးစိုက်ခင်းဧရိယာမဟုတ်တဲ့ နေရာတွေဆိုရင် ဝန်ကြီးဌာနက စိစစ်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာပါက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာနမှာလည်း အသေးစိတ် နယ်မြေကွင်းအမှတ်တွေနဲ့ ပြန်လည်စိစစ်ပေးပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း သီးခြား ပြန်လည်ဖြေကြားပေးပါမယ်။

**အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်အေးသဉ္ဇာကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀:၃၈။**

**ဗိုလ်ကြီးဒေါ်အေးသဉ္ဇာကျော်(တပ်မတော်သားကိုယ်စားလှယ်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်အေးသဉ္ဇာကျော် ဖြစ်ပါတယ်။ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း(၅)၊ အပိုဒ် ၁၃ မှာ အမျိုးသားစာကြည့်တိုက်သည် လိုအပ် ပါက ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ပေးပို့သော စာပေအနုပညာပစ္စည်းများ အနက် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အသွင်ပြောင်းလဲ၍ အမျိုးသားစာကြည့်တိုက် တွင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။ ကျွန်မအနေနဲ့ အမျိုးသား စာကြည့်တိုက်သည် လိုအပ်ပါက ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ပေးပို့သော စာပေအနုပညာပစ္စည်းများ အနက် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အသွင်ပြောင်းလဲ၍ အမျိုးသားစာကြည့်တိုက်တွင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သည်လို့ ပြင်ဆင်ချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေဟူ၍ မူပိုင်ခွင့်ဥပဒေ (၄)မျိုးရှိတဲ့အနက် ယခုဥပဒေကြမ်းဟာ မူပိုင်ခွင့် ဆိုတာဟာ စာပေနှင့် အနုပညာပစ္စည်းများနဲ့ ပိုမို သက်ဆိုင်နေသည့်အတွက် တိကျပြီး ကျစ်လျစ်သိပ်သည်း စည်းနှောင်မှုရှိစေရန်အတွက် ပြင်ဆင် လိုခြင်းဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ပုဒ်မ ၁၅(က)မှာ တော့ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာပစ္စည်း များကို ခွင့်ပြုချက်မရှိဘဲ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲ၏ ပြင်ပသို့ ယူဆောင်သူကို ကျပ်(၁၀)သိန်း ဒဏ်ကြေးချမှတ်ရမည်ဟု ပြည်သူ့လွှတ်တော်က အတည်ပြုချက် အတိုင်း ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ကျွန်မအနေနဲ့ ပုဒ်မ ၁၅(က)ကို အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေ၊ အနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲ၏ ပြင်ပသို့ ယူဆောင်သူကို ကျပ်(၁၀)သိန်းထက်မပိုသောဒဏ်ကြေး ချမှတ်ရမည်ဟု ပြင်ဆင်လိုပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေဖြင့် အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသား စာကြည့်တိုက်ခွဲ၏ ပြင်ပသို့ စာပေနှင့် အနုပညာပစ္စည်းများကို ခွင့်ပြုချက်မယူဘဲ ယူဆောင်မိခြင်း ဖြစ်စဉ်များတွင် ရည်ရွယ်ချက်ရှိရှိ ယူဆောင်သူလည်း ရှိနိုင်သလို မေ့လျော့၍ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့

သတိမထားမိ၍ဖြစ်စေ ယူဆောင်မိသူများလည်း ရှိနိုင်ပါတယ်။ ဒီလိုဖြစ်စဉ် မတူညီမှုများအပေါ် တူညီသောဒဏ်ကြေး ချမှတ်ခြင်းခံရလျှင် တရားမျှတမှု မရှိသကဲ့သို့ ဖြစ်နေတဲ့အတွက် ယူဆောင်သည့်သူရဲ့ ဖြစ်စဉ်အခြေအနေအလိုက် ဒဏ်ကြေး ချမှတ်နိုင်စေရန် ကျပ်(၁၀)သိန်း ဒဏ်ကြေးအစား ကျပ်(၁၀)သိန်းထက်မပိုသောဒဏ်ကြေးဟု ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း(၆)၊ ပုဒ်မ ၁၅(ခ)ကို ပြည်သူ့လွှတ်တော်ဘက်က အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေ၊ အနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် မိတ္တူကူးယူခြင်း၊ မှုပွားခြင်း၊ အသွင်ပြောင်းကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်ပါက ထိုသူကို ကျပ်(၁၀)သိန်း ဒဏ်ကြေး ချမှတ်ရမည်ဟု အတည်ပြုထားပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကတော့ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေ၊ အနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် မိတ္တူကူးယူခြင်း၊ မှုပွားခြင်း၊ အသွင်ပြောင်းကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်ပါက ထိုသူကို ကျပ်သိန်း(၂၀) ဒဏ်ကြေးချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ကျွန်မအနေနဲ့ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေ၊ အနုပညာပစ္စည်းများကို မိတ္တူကူးယူခြင်း၊ မှုပွားခြင်း၊ အသွင်ပြောင်းကူးယူခြင်း ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းတို့အား ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် ပြုလုပ်ခဲ့လျှင် ထိုသူကို ကျပ်(၁၀)သိန်းဒဏ်ကြေး၊ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် ပြုလုပ်ခဲ့လျှင် ထိုသူကို ကျပ်သိန်း(၂၀) ဒဏ်ကြေး ချမှတ်ရမည်ဟု ပြင်ဆင်ချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ စာပေ ဆိုတာဟာ လူသားများအတွက် အကောင်းဆုံးအဖော်မွန် ဖြစ်ပါတယ်။ သက်ရှိ မိတ်ဆွေများဟာ မိမိအပေါ် တသမတ်တည်းစိတ် မထားနိုင်ကြဘဲ ဖောက်ပြန်ပြောင်းလဲတတ်ကြပေမယ့် စာပေ၊ အနုပညာ ဆိုတာဟာ ဘယ်တော့မှ ဖောက်ပြန်ပြောင်းလဲခြင်းမရှိဘဲ အသိပညာ ဗဟုသုတတွေကို တိုးတက် ထက်မြက်စေနိုင်တယ်။ အမှား အမှန်တွေကို ဝေဖန်ပိုင်းခြားစေနိုင်တယ်။ စိတ်ဓာတ်ခွန်အားတွေကို မြှင့်တင်ပေးနိုင်သလို ဘဝအတွက် သင်ခန်းစာကောင်းများကိုလည်း ရရှိစေရန် အထောက်အပံ့ဖြစ်စေတဲ့အတွက် စာပေနဲ့ အနုပညာပစ္စည်းတွေဟာ အလွန်အရေးပါပြီး အလေးထားကြရမှာ ဖြစ်ပါတယ်။

ယခု အတည်ပြုချက်၊ ပြင်ဆင်ချက်တွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိပါက အထက်ပါကိစ္စရပ်များကို ခွင့်ပြုချက်မရဘဲ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဖြစ်စေ ဒဏ်ကြေးငွေသည် ကျပ်(၁၀)သိန်းဟု ချမှတ်သလိုဖြစ်သွားမှာဖြစ်တဲ့အတွက် မမျှတရာကျပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းထားရှိပါကလည်း အထက်ပါကိစ္စရပ်များကို ခွင့်ပြုချက်မရဘဲ စီးပွားရေးအတွက် ရည်ရွယ်

ပြုလုပ်လျှင် ကျပ်သိန်း(၂၀) ဒဏ်ကြေး ချမှတ်ခြင်းခံရပြီး စီးပွားရေးအတွက် မရည်ရွယ်လျှင် ဒဏ်ကြေး လွတ်ကင်းမယ့်သဘော သက်ရောက်နေပါတယ်။ ဒဏ်ကြေးများကို သူ့ကို ကျူးလွန်မှု အပေါ် မူတည်ပြီး ချမှတ်သင့်ပါတယ်။

သာဓကအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၈) မှာဆိုရင် ပြစ်မှု၊ ပြစ်ဒဏ်များကို သူ့အဆင့်အလိုက် သတ်မှတ်ထားပါတယ်။ ပုဒ်မ ၁၆(ဂ)မှာ မူးယစ်ဆေးဝါးကို လက်ဝယ်ထားခြင်းပြုလုပ်လျှင် ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အများဆုံး (၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၉(က)မှာတော့ မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်းပြုလုပ်လျှင် ထောင်ဒဏ် အနည်းဆုံး(၁၀)နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထား ပါတယ်။ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျှင် ပိုပြီးပြစ်ဒဏ်ချမှတ်သင့်ကြောင်း တင်ပြလိုတာ ဖြစ်ပါတယ်။ ယခုလို ပြင်ဆင်လိုက်ခြင်းဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုချက်ရော အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရော နှစ်ခုလုံးပါဝင်ပြီး စာပေ၊ အနုပညာပစ္စည်း များကို အပြည့်အဝကာကွယ်ပေးနိုင်မှာဖြစ်တဲ့အတွက် ပိုမိုပြည့်စုံကောင်းမွန်သွားမှာဖြစ်ပြီး အခန်း (၆)၊ ပုဒ်မ ၁၅(က)နဲ့ပါ ရှေ့နောက် ညီသွားမှာဖြစ်တဲ့အတွက် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀:၄၄။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော် ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီး ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးမယ့် အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အပိုင်း(၂)ပိုင်း ခွဲပြီးတော့ ဆွေးနွေးသွားပါမယ်။ တစ်ပိုင်းက အမျိုးသားစာကြည့်တိုက်ဥပဒေကို သီးခြားပြဋ္ဌာန်းခြင်း မဟုတ်ဘဲနဲ့ အမျိုးသား စာကြည့်တိုက်နှင့် အမျိုးသားပြတိုက် ဆိုပြီးတော့ ဥပဒေနှစ်ခု တစ်ပေါင်းတည်း ပြဋ္ဌာန်းသင့်တဲ့ အကြောင်း အဆိုပြုသွားမှာ ဖြစ်ပါတယ်။

အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားပြတိုက်တို့သည် ဝန်ကြီးဌာန တစ်ခုတည်းကနေ ကိုင်တွယ်ကျင့်သုံးရတဲ့ဥပဒေ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီအမျိုးသားစာကြည့်တိုက်နဲ့ အမျိုးသားပြတိုက်တို့သည် သူ့ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း အစစအရာရာ တူညီနေတဲ့အတွက် အမျိုးသားစာကြည့်တိုက် တစ်ခုတည်းသာလျှင် သီးခြား ပြဋ္ဌာန်းလိုက်မယ်ဆိုရင် အမျိုးသားပြတိုက်ဥပဒေ တစ်ခု ထပ်မံလိုအပ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားစာကြည့်တိုက်နဲ့ အမျိုးသားပြတိုက်ဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့အတွက် ဒီဥပဒေကို ပြန်လည်သုံးသပ်ပြီးတော့ ပြန်လည်ပြဋ္ဌာန်းရန် သင့်ကြောင်း ကျွန်တော်က ဒါကို ပထမပိုင်းအနေနဲ့ ဆွေးနွေးချင်ပါတယ်။

အမျိုးသားစာကြည့်တိုက်နဲ့ အမျိုးသားပြတိုက်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ကိုင်တွယ်ရတဲ့ဥပဒေ ဖြစ်ပါတယ်။ နောက်တစ်ခုက မြို့နယ်စာကြည့်တိုက်တွေ၊ ခရိုင်စာကြည့်တိုက်တွေ၊ တိုင်းဒေသကြီးစာကြည့်တိုက်တွေနဲ့ ပြတိုက်တွေကိုတော့ ပြန်ကြားရေးဝန်ကြီးဌာနက ကိုင်တွယ်ရတဲ့ဟာလည်းရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကတော့ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်ပြတိုက်နဲ့ ပြပွဲများအုပ်ချုပ်ရေးဥပဒေဆိုတာ ရှိပြီးသားဖြစ်တဲ့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားစာကြည့်တိုက်နဲ့ အမျိုးသားပြတိုက် ဆိုပြီးတော့ တွဲပြီး ဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် ပိုမိုပြည့်စုံမှာဖြစ်ပါတယ်။ ဒါက တစ်ပိုင်းပေါ့။ အကယ်၍များ ဒီဥပဒေကို အမျိုးသားစာကြည့်တိုက် တစ်ခုပဲ ပြဋ္ဌာန်းမယ်လို့ ဥပဒေကြမ်းကော်မတီက ဆုံးဖြတ်တယ်ဆိုရင်တော့ ဒီဥပဒေမှာပါတဲ့ ပြင်ဆင်ချက်အချို့နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။

အဲဒီတော့ ဒီဥပဒေပုဒ်မ ၂(ဂ) အဓိပ္ပာယ်ဖွင့်ဆိုချက် အနုပညာ၊ စာပေပစ္စည်း ဆိုသည်မှာ ဆိုတဲ့စကားရပ်ကို ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ အနုပညာ၊ စာပေပစ္စည်း ဆိုသည်မှာ မည်သည့်ဘာသာနဲ့မဆို ရေးထိုးထားသည့် သို့မဟုတ် ပုံနှိပ်ထားသည့် ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ ကျောက်စာတို့ကိုခေါ်သည်ဆိုတဲ့ ဒါကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ အောက်က ၂(င)ကတော့ ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဦးစီးဌာနကို အဓိပ္ပာယ်ဖွင့်ဆို ထားခြင်းဖြစ်ပါတယ်။ ဥပဒေတစ်ရပ်လုံးမှာမှ ပုဒ်မ ၄ တစ်ခုတည်းမှာပဲ ဦးစီးဌာနကို သုံးစွဲထားတာဖြစ်တယ်။ ပုဒ်မ ၄ မှာလည်းပဲ သမိုင်းသုတေသနနဲ့ အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ဆိုပြီးတော့ အဓိပ္ပာယ်အရှည်ကို သုံးစွဲထားခြင်းဖြစ်တဲ့အတွက် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ လိုအပ်ခြင်း မရှိတဲ့အတွက် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ပုဒ်မ ၄ ကို ပုဒ်မခွဲလိုခြင်း ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ပုဒ်မ ၄ သည် အပိုဒ်ပုဒ်မကြီး ဖြစ်နေတဲ့အတွက် ပုဒ်မ ၄ ကို ပုဒ်မခွဲ(က)အဖြစ် ခွဲထုတ်လိုက်ခြင်းဖြစ်ပါတယ်။ ဒါမှသာ အဖွင့်ပုဒ်မဖြစ်တဲ့ ပုဒ်မ ၄(ခ)ကို ကျွန်တော်တို့က ပုဒ်မ အစားမထိုးဘဲ ဖြည့်စွက်လို့ရမှာ ဖြစ်ပါတယ်။

ပုဒ်မ ၄(ခ) ကတော့ ပုဒ်မခွဲ(က) က ဖွဲ့စည်းထားတဲ့ ကြီးကြပ်မှုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဆိုတဲ့ ပုဒ်မခွဲတစ်ခု ကျန်ခဲ့တဲ့အတွက် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၉

ကတော့ နိုင်ငံတွင်း ဆိုတဲ့ဟာကို ပြည်တွင်း လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ရေးထုံးအပိုင်းပါပဲ။ ဒီပြဋ္ဌာန်းချက်တွေမှာက ပြည်သူ့လွှတ်တော်မှာက အမျိုးသားလွှတ်တော်မှာက နောက်မှာ ခြင်း ဆိုတဲ့ဟာနဲ့ ဆုံးထားတာရှိတယ်။ ပုဒ်မ ၉ မှာက အောက်ပါရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရမည် ဆိုတဲ့ဟာကျတော့ ရည်ရွယ်ချက် ဆိုတာဖြစ်တဲ့အတွက် ရန် လို့ပဲ သုံးသင့်ပါတယ်။ ဒါကြောင့် ခြင်း တွေကို ရန် ဒါမျိုးဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၆ ဖြစ်ပါတယ်။ ပုဒ်မ ၁၆ ကတော့ မူလပိုင်ရှင်များထံမှ ခွင့်ပြုချက်ရပြီး တစ်နည်းနည်းဖြင့် ဆိုတဲ့ဟာကို ရေးထုံး ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် ကူးယူသည်ဖြစ်စေ အောက်မှာက ပြည်သူ့လွှတ်တော်ရော၊ အမျိုးသားလွှတ်တော်ရော အခမဲ့ဖြစ်စေ ဆိုတဲ့နောက်မှာ ပုဒ်ဖြတ်တစ်ခု ပိုနေတာကို ဒါကို ကျွန်တော် ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါက်တာမြလေးစိန်ပါ။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ တင်သွင်းထားသော ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်သွင်းမှာဖြစ်ပါတယ်ရှင်။

(၁) ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းအား ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ်စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို လေးစားမှုရှိစေရန်နှင့် မှန်ကန်စွာ အသုံးပြုစေရန်၊ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ်စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အလွဲသုံးစားမှုမဖြစ်စေရေးအတွက် စည်းမျဉ်းစည်းကမ်းသတ်မှတ်ရန်၊ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ်စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေရန် ရည်ရွယ်၍ ဥပဒေမူကြမ်းအား ရေးဆွဲရခြင်းဖြစ်ပါသည်။

(၂) အဆိုပါ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၁-၉-၂၀၁၉ ရက်နေ့၊ ၁၉-၁၁-၂၀၁၉ ရက်နေ့နှင့် ၃-၂-၂၀၂၀ ရက်နေ့တို့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီး ဖြစ်ပါသည်။

(၃) ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲရခြင်းနှင့်ပတ်သက်၍ ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးထားသော ဥပဒေ မရှိသည့်အတွက် ယင်းကို လွဲမှားစွာအသုံးပြုမှုများ နိုင်ငံတော်အတွင်း၌ နှစ်ပေါင်းများစွာပေါ်ပေါက်ခဲ့ပြီး ဆက်လက်ပေါ်ပေါက်နေဆဲလည်းဖြစ်ပါသည်။ နိုင်ငံသားတိုင်းအနေဖြင့်လည်း ကြက်ခြေနီအမှတ်အသားကို မည်သူမဆို အသုံးပြုနိုင်သည့် အများပိုင်အမှတ်အသားအဖြစ်လည်းကောင်း၊ ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးဆိုင်ရာအမှတ်အသားအဖြစ်လည်းကောင်း လွဲမှားစွာ နားလည်ထားကြပါသည်။ ထိုသို့ လွဲမှားနေသော နားလည်မှုများကြောင့် နိုင်ငံတွင်း၌ သဘာဝဘေးနှင့် စစ်ဘေးအန္တရာယ်များ ကျရောက်သည့်အခါ ကယ်ဆယ်ရေး၊ ကူညီပေးရေးအဖွဲ့များကို အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဆောင်ရွက်ကြသည့်အခါ ကြက်ခြေနီအမှတ်အသားကို အသုံးပြုခွင့် မရှိသူများက အသုံးပြုခြင်းများ ဖြစ်ပေါ်လာပါသည်။ ထိုသို့ ကြက်ခြေနီအမှတ်အသားကို လွဲမှားစွာ အသုံးပြုမှုများ၊ အလွဲသုံးစားပြုမှုများ များပြားလာခြင်းကြောင့် ကြက်ခြေနီအမှတ်အသား၏ အကာအကွယ်ပေးနိုင်သည့် တန်ဖိုး ယုတ်လျော့ကျဆင်းပါက ကြက်ခြေနီကို ပစ်မှတ်ထား တိုက်ခိုက်ခံရသော မလိုလားအပ်သည့် အကျိုးဆက်များ ပေါ်ပေါက်လာခဲ့ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ကြက်ခြေနီအမှတ်အသားကို အပြည်ပြည်ဆိုင်ရာ ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုကြစေရန်နှင့် စည်းကမ်းနှင့်မညီသော အသုံးပြုမှုများကို အရေးယူသွားနိုင်ရန် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသည့် ဥပဒေတစ်ရပ် ဆောလျင်စွာ ပြဋ္ဌာန်းပေးရန် လိုအပ်ပါသဖြင့် ဥပဒေအား ရေးဆွဲရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍

ဤဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဒေါက်တာမျိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ယနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့အစီအစဉ်ကို တက်ရောက်လာကြသော လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်က အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ( ကော်မတီ-၁ )၁/၂၀၂၀ - ၀၃၀

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၈ - ၈ -၂၀၁၉ ရက်နေ့တွင် ပေးပို့လာ

ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၁၉-၁၁-၂၀၁၉ ရက်နေ့၊ ၁၀-၁၂-၂၀၁၉ ရက်နေ့နှင့် ၃-၂-၂၀၂၀ ရက်နေ့တို့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရုံးခန်းတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၃ ကို အပိုဒ် ၂၇ ဟု ပြင်ဆင်ပြီး ယင်း၏နောက်တွင် အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၈။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ကြက်ခြေနီအသင်းက အကူအညီလိုအပ်လျှင် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ (န)၊ အခန်း(၃)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၈၊ အပိုဒ် ၃၁၊ အပိုဒ် ၃၄ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်တို့အတွက် ပြင်ဆင်ထားပြီး ပြောင်းလဲသွားသည့် အခန်း၊ အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

## ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၇- ၂ - ၂၀၂၀ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀:၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ထုတ်ပြန်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင် ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက် များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀:၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၇-၂-၂၀၂၀ (တနင်္လာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀:၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သည့် အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၇-၂-၂၀၂၀ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ဦးစီးခွဲကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁:၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]